စာရေးသူ၏ ရှားရှားပါးပါး တစ်မူထူးခြား စုံထောက်ဝတ္ထု

# ကျားလေးဘာကောင်း

နှင့် ၀၈

# ရာဇသူပုန်များဖော ဂျိုနီခါ

## စင်ယော်နီ



# ဇင်ယော်နီ

## ကျားလေးဘကောင်းနှင့် ရာဇသူဖွားစောကျိန်စာ

*

## အခန်း(၁)

## ကျားလေးဘကောင်း

*

တစ်ခါက မြန်မာပြည်အလယ်ပိုင်း မြေလတ်ဒေသရှိ တောင်တွင်းကြီးဆို သောမြို့တွင် ဘကောင်းဟူသော သူငယ်လေး တစ်ဦးရှိခဲ့ဖူးပါသည်။ ၎င်း မောင်ဘကောင်း၏ဖခင် ဦးရွှေမောင် သည် ချမ်းသာကြွယ်ဝသော သစ် ကုန်သည်တစ်ဦး ဖြစ်ခဲ့၏။ ၎င်းမောင်ဘကောင်း အခါလယ်သား အရွယ် အထိ ၎င်းတို့၏မိသားစု ကလေးသည် ပျော်ရွှင်ချမ်းမြေ့ဖွယ်အတိ ဖြစ်ခဲ့၏။

သို့ရာတွင် ဦးရွှေမောင်သည် လမ်းခရီး၌ ဓားပြအတိုက်ခံရ ပြီးလျှင် ငွေကြေး ပစ္စည်းများသာမက အသက်အန္တရာယ်ပါ ဆုံးပါးခဲ့ရရှာလေ၏။ ထို့ ကြောင့် မောင်ဘကောင်းသည် မုဆိုးမမိခင်ကြီး ဒေါ်မြမှင်နှင့်အတူ လူမမည်ဘဝကို ဖြတ်သန်းခဲ့ရ၏။ မိခင်ကြီး ဒေါ်မြမှင်သည် မျိုးချစ်စိတ် ထက်သန်သူဖြစ်ရကား သားကလေး မောင်ဘကောင်းကို အင်္ဂလိပ်ကျောင်း များသို့ မပို့လွှတ်ဘဲ ဆရာတော်ရှင်ဥက္ကဋ္ဌ တည်ထောင်သည့် နေရှင်နယ် ကျောင်း (ခေါ်) အမျိုးသားကျောင်း သို့သာလျှင် အပ်နှံခဲ့လေ၏။

မောင်ဘကောင်းလေးသည် အရွယ်နှင့် မလိုက်အောင်ပင် သွက်လက် ချက်ချာသလောက် ဉာဏ်ရည်ဉာဏ်သွေးလည်း အထူးကောင်းလေ၏။

မြန်မာစာတွင်သာမက အင်္ဂလိပ်စာအရာ၌ပါ ထူးချွန်သည့်အပြင် ဂဏန်းသင်္ချာ အတွက်အချက်ကိုလည်း အထူးစိတ်ဝင်စားလေ၏။

ထို့အပြင် ၎င်းမောင်ဘကောင်းလေး၌ ရေကူးခြင်းအတတ် ၌လည်း ငယ်စဉ်ကပင် ကျွမ်းကျင်၏။ ထို့ပြင် ဆရာတော်၏ ကျောင်း၌ ဝါသနာအလျောက် အားကစားဘက်၌လည်း သင်ကြားလေ့ကျင့်ပေးသည် ဖြစ်ရာ လူမမာကလေးမောင်ဘကောင်း သည် လက်ဝှေ့ထိုးခြင်း၊ နပန်းသတ်ခြင်း၊ ဘောလုံးကန်ခြင်း၊ မြင်းစီးခြင်း အတတ်တို့ကိုလည်း ကလေးဘဝမှာပင် အကျွမ်းတဝင် ရှိခဲ့ရလေ၏။

သို့ရာတွင် မောင်ဘကောင်းလေးသည် ဆယ်နှစ်သား အရွယ်၌ မိခင်ကြီး ဒေါ်မြမှင်သည် လေဖြတ်သော ရောဂါဝေဒနာဖြင့် အိပ်ရာထဲ၌ ဗုန်းဗုန်းလဲလေတော့၏။ ထို့ကြောင့် မောင်ဘကောင်းလည်း ဆရာတော်၏ကျောင်းကို ကျောခိုင်းကာ မိခင်ကြီးအား ပြုစုရင်းဖြင့်သာလျှင် အချိန် ကုန်လွန်ခဲ့ရလေတော့၏။

မိခင်ကြီးသည် နာတာရှည် လူမမာဘဝဖြင့် ငါးနှစ်ကြာခန့် ဆင်းရဲငြိုငြင်စွာ ဝေဒနာ ခံစားခဲ့ရပြီးသည့်နောက် ဘဝတစ်ပါးသို့ လွန်မြောက်လေ၏။ မိခင်ကြီးဒေါ်မြမှင်၏ အလောင်း မြေချ သည့်နေ့မှာပင် မိခင်ကြီးအတွက် ကုန်ကျခဲ့ရသော ဆေးဝါး ဓာတ်စာ စရိတ်တို့ကြောင့် မောင်ဘကောင်းလေးသည် ၎င်း၏ ကလေးဘဝတွင် ပျော်ရွှင်စရာ နေထိုင်ခဲ့ရသည့် အိမ်ကြီးကို ကြွေးရှင်လက်သို့ အပြီးတိုင် အပ်နှံလိုက်ရသော အဖြစ်သို့ ရောက်ခဲ့ရလေတော့၏။

မိခင်ကြီး၏ ရက်လည်ဆွမ်းသွတ် အမှုအတန်းဝေပြီးသည့် နောက်တွင် မောင်ဘကောင်းလေးသည် အဝတ်တစ်ထည်ကိုယ် တစ်ခုဖြင့် မျက်ရည်စက်လက်ဖြင့် အိမ်ကြီးထဲမှ ထွက်လာခဲ့ရလေ၏။

ၚင်းတို့အိမ်နှင့် မလှမ်းမကမ်းတွင် ဆရာတော်၏ တပည့်ဟောင်းတစ်ဦး ဖြစ်ခဲ့ဖူးသော ပန်းပုပညာဖြင့် အသက်မွေးသည့် ဦးစိမ်းမောင် ဟူသော အဘိုးကြီးတစ်ဦးသည်ရှိ၏။ မောင်ဘကောင်း လေး၏ဖခင် ကောင်းစားစဉ် အခါက ထိုအဘိုးကြီးအား များစွာ ကြည့်ရှု စောင့်ရှောက်ခဲ့ဖူး၏။

ယခုကဲ့သို့ မောင်ဘကောင်းလေး တစ်ယောက် မိမဲ့ဖမဲ့ ခိုကိုးရာမဲ့ ဘဝသို့ ရောက်သွားသောအခါ ပန်းပုဆရာကြီးဦးစိမ်းမောင်က မောင်ဘကောင်း လေးအား ၚင်း၏ တဲကလေးသို့ ခေါ်ယူထားလိုက်လေ၏။

မောင်ဘကောင်းလေးသည် ဦးစိမ်းမောင်နှင့်အတူ နေထိုင်ရင်း ပန်းပု ပညာကိုပါ သင်ယူတတ်မြောက်ကာ ဦးစိမ်းမောင်၏ အလုပ်များ၌ ကူညီ လုပ်ကိုင်ရင်း နေ့ရက်ပေါင်းများစွာကို ကျော်လွန်ဖြတ်သန်းခဲ့ရလေ၏။

ဦးစိမ်းမောင်၏ တဲကလေးသည် ဈေးနှင့်မလှမ်းမကမ်းတွင် ရှိ၏။ ဈေး ထောင့်ရှိ ထမင်းသုပ်၊ သင်္ဘောသီးသုပ်၊ မုန့်ဟင်းခါးသုပ် ရောင်းချသော ဆိုင်ကလေးတွင် ဈေးမှ ကုန်ထမ်းသမားတို့သည် အမောဖြေရင်း ရေနွေးကြမ်း သောက်ရင်း စကားဝိုင်းဖွဲ့လေ့ ရှိကြလေ၏။

(မှတ်ချက်။ ။ တောင်တွင်းကြီး- မကွေး- အောင်လံ- ချောက် စသော မြေ လက်ဒေသများတွင် ငါးရှားသည်ဖြစ်ရကား မုန့်ဟင်းခါးချက်သောအခါ ငါး နှင့်မချက်ဘဲ ကုလားပဲနှင့် ချက်လေ့ရှိလေ၏။ မုန့်ဟင်းခါး ဟင်းရည်ကို လည်း ပဲဟင်းဟု ခေါ်လေ့ရှိလေ၏။ မုန့်ဟင်းခါးရောင်းသောအခါ ပဲဟင်း ထည့်လျှင် အရည်ဖျော်ဟု ခေါ်ပြီး ပဲဟင်းမပါဘဲ ဆီချက်နှင့်သုပ်လျှင် မုန့် ဟင်းခါးသုပ်ဟု ခေါ်လေ၏။)

များသောအားဖြင့် ကုန်ထမ်းသမားတို့သည် ရေနွေးကြမ်းဖြင့် ဝိုင်းဖွဲ့ရင်း ကျားထိုးလေ့ရှိကြ၏။ မောင်ဘကောင်းလေးသည် အလုပ်အားလပ်သော အခါများ၌ ထိုစကားဝိုင်းသို့ သွားရောက်ကာ လူကြီးသူမတို့ ပြောကြဆိုကြ

သည်များကို နားထောင်မှတ်သားလေ့ ရှိ၏။ ရံဖန်ရံခါ ကျားဝင်ထိုးလေ့ရှိလေ၏။

ဤသို့ဖြင့် မောင်ဘကောင်းလေးသည် ကျားကစားသော အတတ်၌ တစ်ဖက်ကမ်းခပ်မျှ ကျွမ်းကျင်လာလေ၏။ ၎င်းအား ကျားထိုးနည်း သင်ပြပေးခဲ့သော ၎င်းနှင့် ကျားထိုးဖော်ဖြစ်သော ကုန်ထမ်းသမားကြီးများသည် ပင်လျှင် မောင်ဘကောင်းလေးအား မယှဉ်နိုင်တော့ပေ။

ဤသို့ဖြင့် ကျားထိုးကျွမ်းကျင်သော မောင်ဘကောင်းလေး၏ သတင်းသည် တောင်တွင်းကြီးမြို့တွင်သာမက မြို့နီးဝန်းကျင်သို့တိုင် ပန်းသတင်းလေညင်းဆောင် လူသတင်း လူချင်းဆောင် ဟူသကဲ့သို့ ပျံ့နှံ့လာလေ၏။

တောင်တွင်းကြီးမြို့သို့ ဖြတ်သန်း သွားလာကြကုန်သော ခရီးသည်များအနက် ကျားဝါသနာကြီးသူများ ပါလာလျှင်လည်း မောင်ဘကောင်းလေးသတင်းကို ကြားသော် အချိန်းအချက် ပြုလုပ်ကာ ယှဉ်ပြိုင် ကျားထိုးကြသည်အထိ မောင်ဘကောင်းလေး၏ သတင်းသည် ကျော်ကြားခဲ့ရလေ၏။

တောင်တွင်းကြီးမြို့တွင် ဘကောင်းဟူသော နာမည်ရှင် လေးဦးရှိ၏။

အသက် ခြောက်ဆယ်ကျော်ခန့် ဦးဘကောင်းဟူသော အဘိုးကြီးသည် မကောင်းသော မိန်းမများကို မွေး၍ ငွေရှာ၏။ ထို့ကြောင့် ၎င်းအား ‘မွေးမြူရေးဘကောင်း’ ဟုခေါ်ကြ၏။

မြို့မြောက်ပိုင်းမှ ဦးဘကောင်းမှာမူ ကျောက်ပန်းတောင်းဘက်မှ ထန်းကောက်ဖာများကို ဝယ်ယူ စုဆောင်းကာ အနယ်နယ်အရပ်ရပ်သို့ ပို့ခြင်းဖြင့် အထူးချမ်းသာလေ၏။ ထန်းကောက်ဖာများဖြင့် စီးပွားဖြစ်သည်ကို အကြောင်းပြု၍ ၎င်းအား "ဖာဘကောင်း" ဟု ခေါ်လေ၏။

ကျန်တစ်ဦးမှာမူ အသက်လေးဆယ်ကျော်ခန့် ဖြစ်၏။ တိုက်ကြက်များကို

စနစ်တကျမွေးမြူကာ နယ်တကာလှည့်၍ ကြက်တိုက်၏။ ၎င်း၏ တိုက်ကြက်တစ်ကောင်သည် ထိုခေတ်က နွားတစ်ကောင်ထက်ပင် တန်ဖိုးကြီးသေး၏ဟု ပြောစမှတ်ပြုရလေ၏။ ထို့ကြောင့် တိုက်ကြက်သမား ကိုဘကောင်းအား "ကြက် ဘကောင်း" ဟူ၍ ကင်ပွန်း တပ်ထားကြလေ၏။

မောင်ဘကောင်းလေးမှာမူ ကျားထိုးခြင်းအရာ၌ တစ်ဖက်ကမ်းခပ်သည် ဖြစ်ရကား "ကျားလေးဘကောင်း" ဟူ၍ အမည် တွင်ခဲ့ရလေတော့သတည်း။ ။

***